နိုင်ငံတကာလေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ

(၁-၇-၂၀၂၃)

၁။ ခရီးသွားများအနေဖြင့် ကျန်းမာရေးကြေညာချက် (Health Declaration Form)ကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာဝင်ထွက်ဂိတ်ရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။

[ကျန်းမာရေးကြေညာချက်တွင် မည်သည့်အချက်အလက်ကိုမဆို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။]

၂။ နိုင်ငံခြားသားခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ဆိုင်ရာ ကျန်းမာရေးအာမခံဝယ်ယူထားကြောင်း အထောက်အထားအား သက်ဆိုင်ရာဝင်ထွက်ဂိတ်ရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။

(နိုင်ငံခြားသားခရီးသွားများအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရ/ ကျန်းမာရေးအာမခံ လုပ်ငန်းများထံမှ လည်းကောင်း၊ နိုင်ငံတကာအသိအမှတ်ပြု ကျန်းမာရေးအာမခံ လုပ်ငန်းများထံမှလည်းကောင်း ကိုဗစ်-၁၉ဆိုင်ရာ ကျန်းမာရေး အာမခံ အပါအဝင် ကျန်းမာရေးအာမခံဝယ်ယူထားကြောင်း အထောက်အထားတင်ပြနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းထံမှ ကျန်းမာရေးအာမခံဝယ်ယူခြင်းအား ကင်းလွတ်ခွင့်ပြုပါမည်။ အထက်ဖော်ပြပါကျန်းမာရေးအာမခံဝယ်ယူထားကြောင်း အထောက်အထား မတင်ပြနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းထံမှ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအာမခံ ဝယ်ယူရပါမည်။ အသေးစိတ်ကို မြန်မာ့အာမခံလုပ်ငန်း website Myanma Insurance (mminsurance.gov.mm) တွင် လေ့လာနိုင်ပါသည်။)

၃။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာ ဝင်ထွက်ဂိတ် ကျန်းမာရေးအရာရှိများက ဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သောကျန်းမာရေး စစ်ဆေးခြင်းတို့ကို ခံယူရမည်။

၄။ ခရီးသွားများတွင် ကိုယ်အပူချိန်မြင့်တက်ခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ တွေ့ရှိပါက RDT နည်းဖြင့် စစ်ဆေး၍ ကိုဗစ်-၁၉ ရောဂါရှိကြောင်း တွေ့ရှိလျှင် ၎င်းတို့ကို ကျန်းမာရေးအစီအမံများနှင့်အညီ ချက်ချင်း သီးခြားထားရှိမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာ (သို့မဟုတ်) ဟိုတယ်သို့ လွှဲပြောင်း ပို့ဆောင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကုသရေးလုပ်ငန်းလမ်းညွှန်များအတိုင်း ကုသမှုခံယူရမည်။ နိုင်ငံခြားသားခရီးသည်များနှင့် မြန်မာနိုင်ငံသားခရီးသည်များအနေဖြင့် အဆိုပါကုန်ကျစရိတ်များ ကျခံရမည်။

MOFA | MMRS v.2 Printed by MYANMAR EMBASSY, BEIJING 02/07/2023 09:39:07

၅။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ခရီး သွားများအနေဖြင့် မိမိတို့ရောက်ရှိရာဒေသရှိ ကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်။

၆။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်းမပြုမီ ၎င်းတို့ သွားရောက်မည့် (သို့မဟုတ်) ခရီးတစ်ထောက်ရပ်နားမည့် နိုင်ငံများ၏ လိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ စစ်ဆေးမှု ပြုလုပ်လိုပါက ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများတွင် မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၇။ ခရီးသည်များအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရမည်ဖြစ်ပြီးနှင့် လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်။

၈။ ဤသတ်မှတ်ချက်များသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲမှုရှိနိုင်ပါသည်။

၉။ ဤသတ်မှတ်ချက်များသည် ၁-၇-၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် ၀၀:၀၁ နာရီမှ စတင် သက်ဝင်မည်ဖြစ်ပြီး "နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၂၂-၃-၂၀၂၃)" ကို အစားထိုး မည် ဖြစ်ပါသည်။

၇

PUBLIC HEALTH REQUIREMENTS FOR TRAVELERS

ENTERING MYANMAR THROUGH INTERNATIONAL Airports and Seaports

(1 - 7 -2023)

1. Travelers shall submit a Health Declaration Form to the respective health authorities upon arrival to Myanmar.

(A legal action will be taken against a traveler, if he or she provides any incorrect information in the Health Declaration Form.)

2. Foreigners shall submit a COVID-19 medical insurance to the respective health authorities upon arrival to Myanmar.

(If they can submit the purchase documentation of the health insurance including COVID-19 medical insurance from the relevant country or internationally recognized insurance companies they can exempt from purchasing health insurance from Myanma insurance. If they cannot present any relevant document, they shall purchase the COVID-19 medical insurance from Myanma insurance. Detailed information can be obtained at the Myanma Insurance's website (https://www.mminsurance.gov.mm)).

3. Travelers shall be subject to a thermal screening to be conducted by the respective airport health authorities, upon arrival to Myanmar.

4. If the travelers are fond to be symptomatic of COVID-19 at fever screening, they will be tested on COVID-19 by RDT. Travelers shall be immediately isolated and taken to a medical facility or treatment center or hotel designated by the MOH as per health protocols, if positive on COVID-19 testing. The travelers shall bear the cost of the testing, isolation and treatment procedures.

5. Travelers shall report to the respective health authorities, if they have developed signs and symptoms of COVID-19 during their stay in Myanmar.

6. Before departure from Myanmar, travelers may take COVID-19 tests, as required by the countries they will travel to and transit through, at laboratories designated by the MOH, at their own cost.

2.

MOFA | MMRS v.2 Printed by MYANMAR EMBASSY, BEIJING 02/07/2023 09:39:07

7. The travelers shall strictly follow the instructions made by the respective health authorities. A legal action will be taken against the traveler concerned, if there is a breach of health regulations.

8. These requirements are subject to changes.

9. These requirements shall take effect from 1 -7-2023/ 00:01 Hour Myanmar Standard Time, and supersede the Public Health Requirements for Travelers Who Wish to Enter into Myanmar through International Commercial Flights (22-3-2023).



MOFA | MMRS v.2 Printed by MYANMAR EMBASSY, BEIJING 02/07/2023 09:39:07